# ဆဌမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ
# မေလ(၁၈)ရက်၊ မော်လမြိုင်မြို့

၁။ ဆဌမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို "Supporting Needs For ASEAN Economic Community (AEC)"ခေါင်းစဉ်ဖြင့် မော်လမြိုင်မြို့၊ Mawlamyaing Strand Hotel ၌ မေလ(၁၈)ရက်နေ့ကကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို Parami Energy Group of Companies က အဓိကပံ့ပိုးပြီး၊ PT & MM Event Ads Co., Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ဖွင့်လှစ်အမှာစကားပြောကြားခဲ့သည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ

(၁) **"AEC Blueprint"** အကြောင်းသိကောင်းစရာ
(ဒေါ်တင်တင်ထွေး၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၂) **SME Financing**
(ဦးစံသိန်း၊ အကြီးတန်းအကြံပေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် SMIDB)

(၃) **Importance of SMEs and experience in ASEAN countries**
(ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၄) **Int'l Land Transport Linkages & Related Regional Agreements**
(ဦးအောင်မြင့်၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

(၅) **ယနေ့အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ဆွေးနွေးတင်ပြခြင်း**
(ဒေါက်တာဒေါ်ခင်အုန်းသန့်၊ အကြီးတန်း-အကြံပေး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(၆) **Moderator**
(ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု)

| | | | |
|---|---|---|---|
| ကျင်းပသည့်နေ့ရက် | ။ ။ | ၂၀၁၃ခုနှစ်၊ မေလ (၁၈)ရက် | |
| ကျင်းပသည့်နေရာ | ။ ။ | Mawlamyaing Strand Hotel၊ မော်လမြိုင်မြို့ | |
| တက်ရောက်သူများ | ။ ။ | လွှတ်တော်ကိုယ်စားလှယ် | - ၃ ဦး |
| | | ဌာနဆိုင်ရာဝန်ထမ်း | - ၁၀ ဦး |
| | | ကုမ္ပဏီဝန်ထမ်း | - ၁၄၅ ဦး |
| | | မီဒီယာ | - ၁၇ ဦး |
| | | စုစုပေါင်း | - ၁၇၅ ဦး |

အခမ်းအနားဖွင့်လှစ်ပြီးသည့်နောက် မော်လမြိုင်မြို့ စက်မှုလက်မှုကုန်သည်ကြီးများအသင်းဥက္ကဌ ဦးလှရှိန်မှ မော်လမြိုင်မြို့၏ နောက်ခံသမိုင်းကြောင်းနှင့် မော်လမြိုင်သားများ၏ အိပ်မက်အကြောင်းကို စိတ်ဝင်စားဖွယ်ရာတင်ပြသွားပါသည်။

(၁) လွတ်လပ်ရေးမရမီကပင် မော်လမြိုင်မြို့သည် မြန်မာနိုင်ငံတွင်တတိယအကြီးဆုံးမြို့နှင့် ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းမြို့ဖြစ်ခဲ့ကြောင်း၊ ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံးတွင်လည်း မှောင်ခိုလုပ်ငန်းဖြင့်စည်ကားခဲ့ကြောင်း။ သို့သော် ယခုဒီမိုကရေစီခေတ်တွင် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုများစွာ နောက်ကျနေခဲ့သည်ကို တွေ့ရကြောင်း၊

(၂) မွန်ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သော ရာဘာကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်နိုင်သော နည်းပညာမရှိသဖြင့်၊ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ပြည်ပသို့ကုန်ကြမ်းအတိုင်းရောင်းချနေကြသဖြင့် ပြောပလောက်သောအမြတ်ငွေမရရှိကြောင်း၊ စက်ဘီးတာယာမှအစ၊ မော်တော်ကားတာယာအထိထုတ်နိုင်သောစက်ရုံများရှိပါက ပြည်နယ်သူပြည်နယ်သားများ လူမှုဘဝဖွံ့ဖြိုးကြမည်ဟုမျှော်လင့်မိပါကြောင်း၊

(၃) မော်လမြိုင်မြို့မှထုတ်လုပ်သော ရာဘာသားရေကွင်းများမှာ အရောင်၊ အနံ့၊ အပူချိန်တွင်ပျော်ဝင်မှုတို့မှာ ထိုင်းမှလာသော သားရေကွင်းများကိုမမှီကြောင်း၊ ခေတ်မီနည်းပညာများသုံးပြီးထုတ်လုပ်နိုင်ရန်အတွက် လုပ်ငန်းရှင်များစုပေါင်းကြိုးစားကြရန်လိုကြောင်း၊

(၄) တချိန်ကမော်လမြိုင်မြို့ကို စင်္ကာပူလိုဖြစ်အောင်လုပ်ကြဖို့ စိတ်ကူးအိပ်မက်မက်ခဲ့ဘူးကြောင်း၊ ယခုအခါ မော်လမြိုင်ဆိပ်ကမ်းများသည် သောင်များဖုံးအုပ်နေသဖြင့် သင်္ဘောကြီးများဆိုက်ကပ်၍မရတော့ကြောင်း၊ ထို့ကြောင့် မော်လမြိုင်ဆိပ်ကမ်းသောင်ပြန်တူးပြီး ယခင်နှစ်(၄၀)ကျော်ကအတိုင်း ပြန်ဖြစ်အောင်လုပ်နိုင်ရန်အတွက် ပင်လယ်ရေကြောင်းလောကကိုဦးဆောင်နေသော ဂျပန်၊ ကိုရီးယား၊ တရုတ်နည်းပညာများဖြင့် ဆန်းစစ်ချက် (Survey) လုပ်သင့်ကြောင်း၊

စသည်ဖြင့်တင်ပြသွားသည်ကို သက်ဆိုင်ရာဌာနများက လိုအပ်သလိုကူညီပံ့ပိုးပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**၃။** အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား အုပ်စု(၃)ခုခွဲ၍ အုပ်စုတစ်ခုချင်းစီ၏ ဆွေးနွေးချက်များမှ အဓိကအချက်များကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည်။ ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ပုဂ္ဂလိကအပိုင်းမှ လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ နိုင်ငံတော်အပိုင်းမှလုပ်ဆောင်ပေးရမည့်ကိစ္စရပ်များ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ စသည်ဖြင့် အပိုင်း(၃)ပိုင်း ခွဲခြားတင်ပြထားပါသည်။

## AEC ဗဟုသုတ (Knowledge)

- ကောင်းကျိုးများအနေဖြင့် - အလုပ်အကိုင်အခွင့်အလမ်းများပြားခြင်း၊ Tourism လုပ်ငန်းအားကောင်းနိုင်ခြင်း၊ ပညာရေးဖလှယ်မှုကြောင့် အတွေးအခေါ်ပိုင်းဆိုင်ရာတိုးတက်လာနိုင်ခြင်း၊ Value Added Products များဖြင့် ဈေးကွက်ချဲ့ထွင်နိုင်ခြင်းနှင့် SME များဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းတို့ကို မြင်တွေ့နိုင်ပြီး၊
- ဆိုးကျိုးများအနေဖြင့် - ပြည်တွင်းလုပ်ငန်းရှင်များအပြိုင်အဆိုင်တွင် နစ်နာလာနိုင်ခြင်း၊ Tourism ကြောင့် ယဉ်ကျေးမှုထိခိုက်လာနိုင်ခြင်း၊ အာဆီယံဖြတ်ကျော်လမ်းများကြောင့် မော်လမြိုင်မြို့အနေဖြင့် ကုန်စည်စီးဆင်းမှုများပြားသောကြောင့် အခွင့်အရေးများမရရှိနိုင်မှုဖြစ်နိုင်ခြင်းနှင့် အခြားနိုင်ငံများမှကျွမ်းကျင်သူများ အကန့်အသတ်မရှိ ဝင်လာနိုင်ခြင်းတို့ဖြစ်သည်။

**ပုဂ္ဂလိကအပိုင်း**

- တူညီရာလုပ်ငန်းများစုပေါင်းပြီး အများပိုင်ကုမ္ပဏီများတည်ထောင်ရန်။ (One-Town-One Production)
- နည်းပညာ နှင့် ကျွမ်းကျင်လုပ်သားများ ကြိုတင်ပြင်ဆင်ရန်။

**နိုင်ငံတော်အပိုင်း**

- ဥပဒေဖြင့်အကာအကွယ်ပေးရန် (ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် စိတ်ချရစေရန်)။
- နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ (Certificate) ပေးရန်။
- အစိုးရအနေနှင့် Market Economy ပေါ်လာစေရန် စီမံချက်ချပြီး လုပ်ဆောင်ပေးရန်။
- နောက်ဆုံးပေါ်သတင်းအချက်အလက်၊ နည်းပညာများသိရှိစေရန် မီဒီယာမှတဆင့် အားကောင်းစွာလုပ်ပေးရန်။
- ဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေးကူညီပေးရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သင့်သည့်အပိုင်း**

- Capacity Building အတွက်သင်တန်းများလိုအပ်ခြင်းနှင့် နိုင်ငံတကာ လစာခံစားခွင့်ရရှိရန်။
- ငွေကြေးဖောင်းပွမှုကို ထိန်းချုပ် ကာကွယ်ရန်၊ ဘဏ်များ အားကောင်းရန်။
- နည်းပညာပံ့ပိုးပေးခြင်း၊ လမ်းဖွင့်ပေးခြင်း၊ ငွေကြေးပံ့ပိုးပေးခြင်းများ လုပ်ဆောင်ပေးရန်။

## SME ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း (Financing)

**နိုင်ငံတော်အပိုင်း**

- လယ်ယာ၊ ဥယျာဉ်ခြံမြေ၊ အိမ်ရာ စသည့်ပိုင်ဆိုင်မှုများကို ချေးငွေရရှိသည့် Assests အဖြစ်သတ်မှတ်ပေးရန်။
- လုပ်ငန်းများလည်ပတ်မှုကိုလေ့လာ၍ ချေးငွေပေးရန်။ (Business Plan, Cash Flow)
- ဘဏ်အတိုးနှုန်းများ နိုင်ငံတကာနှင့် တန်းတူဖြစ်ရန်။
- အတိုင်းအတာတစ်ခုအထိ အခွန်ကင်းလွတ်ခွင့်ရရှိရန်။ (Tax Holiday)
- ရောင်းခွန် (Sales Tax) နှင့် အမြတ်ခွန် (Profit Tax) ပေးရခြင်းကြောင့် Double Tax ဖြစ်နေမှုကိုစီစစ်ရေး။
- စီးပွားရေးသံအရာရှိများက ပြည်တွင်းထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်နိုင်စေရေးအတွက် ကြိုးစားပေးရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း**

- တိုးချဲ့ရန်လိုအပ်သောအရင်းအနှီး + နည်းပညာထပ်မံပံ့ပိုးပေးရန်။
- ချေးငွေအာမခံ ကော်ပိုရေးရှင်းများ ထူထောင်ခြင်းဖြင့် အရှုံးပေါ်နေသော SMEs များအား ကာကွယ်နိုင်ရန်။
- ကုန်ကြမ်း၊ ကုန်ချော အရည်အသွေးစစ်ချက်နှင့် ထုတ်ကုန်အမည်သစ်ထုတ်နိုင်မှုများအား သုတေသနပြုလုပ်ရန်။

## AEC နိုင်ငံအချင်းချင်းဆက်သွယ်ရေး (Connectivity)

**ပုဂ္ဂလိကလုပ်ငန်းအပိုင်း**

- ကောင်းကျိုးအနေဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ခြင်းနှင့် အရင်းအနှီးရရှိရန် အချိန်မြန်ဆန်ခြင်း။

**နိုင်ငံတော်အပိုင်း**

- လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ဘဏ်ချေးငွေရရှိရန်။
- အတုအပစစ်ဆေးရန်အတွက် စားသောက်ကုန်ဓါတ်ခွဲခန်းစနစ်များကို နေရာဒေသအသီးသီးတွင်တည်ဆောက်ရန်။
- မော်လမြိုင်မြို့တွင် ဆိပ်ကမ်းတည်ဆောက်ရေး ပြည်တွင်းပြည်ပ ပညာရှင်များနှင့် စီမံချက်ရေးဆွဲလုပ်ကိုင်ရန်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း**

- မြို့ရောင်လမ်းများတိုးချဲ့ဖေါက်လုပ်ရန်၊ ယာဉ်စည်းကမ်းများ ပြည်သူသို့အသိပေးရန်အတွက် အစိုးရ နှင့် ပြည်သူ လက်တွဲလုပ်ဆောင်ရန်။
- ကန့်သတ်တားမြစ် ကုန်ပစ္စည်းများ အလွယ်တကူစီးဆင်းနိုင်ခြင်းကို ထိရောက်စွာတားဆီးပေးရန်။

၄။ အချုပ်အားဖြင့် AEC ၏အရေးပါမှုကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများအားလုံးက တညီတညွတ်တည်း သဘောပေါက်လက်ခံကြပြီး၊ SME လုပ်ငန်းများအောင်မြင်စေရန်အတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိက ဒွန်တွဲပြီး များစွာကြိုးစား ဆောင်ရွက်ကြရန်လိုသေးကြောင်းကို ထုတ်ဖော်ဆွေးနွေးခဲ့ကြပါသည်။